နောက်ဆက်တွဲ (၂)

# သစ်တောများအုပ်ချုပ်လုပ်ကိုင်မှု (သဘာဝတောနှင့်စိုက်ခင်း) အတွက် ထောက်ခံချက်ပေးနိုင်ရန် စံနှင့်အညွှန်းများ (မူကြမ်း)အပေါ် လူထုသဘောထားမှတ်ချက်နှင့် အကြံဉာဏ်တောင်းခံရာတွင် ဆက်စပ်ပတ်သက်ပါဝင်သူများမှ ပြန်လည်ပေးပို့သော သဘောထားမှတ်ချက်/ အကြံပြုချက်များအား နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ၊ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ နှင့် မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ အစည်းအဝေးများတွင် အဆင့်ဆင့် အတည်ပြုဆုံးဖြတ်ထားသည်များကို တင်ပြခြင်း

| | |
|---|---|
| အမည် – | ဦးဝင်းနိုင် |
| အဖွဲ့အစည်းအမည် – | မြန်မာ့သစ်လုပ်ငန်း |
| အလုပ်အကိုင်/ရာထူး – | အထွေထွေမန်နေဂျာ၊<br>သစ်အခြေခံစက်မှုလုပ်ငန်းဌာန |
| ပေးပို့ရက်စွဲ – | ၂၇.၆.၂၀၁၉ |

## သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့် အညွှန်းများ (သဘာဝတောနှင့် သစ်တောစိုက်ခင်း)

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများနှင့် အထောက်အထားများ | သဘောထားမှတ်ချက် | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ အတည်ပြုဆုံးဖြတ်ချက်များ |
|---|---|---|---|
| ၁။ | ဥပဒေသ (၁) ၊ စံ (၁.၁)၊ အညွှန်း (၁.၁.၁) ၏ အထောက် အထားများ | ပြဌာန်းထားသောဥပဒေများ ၊ ဥပဒေသများနှင့်အညီ ပြုမူဆောင်ရွက်ခြင်း၊လက်ရှိတည်ဆဲဥပဒေသနှင့် မူဝါဒများတွင်အောက်ပါ ဥပဒေနှင့်သက်ဆိုင်ရာနည်းဥပဒေများ ဖြည့်စွက်သင့်ပါသည်။<br>(က) ကုန်သွယ်လုပ်ငန်းခွင် ဥပဒေ (၁၉၇၄)<br>(ခ) အထူးကုန်စည်ခွန် ဥပဒေ | မြန်မာ့စံနှင့်အညွှန်းများတွင် နှစ်အလိုက် ထုတ်ပြန်သော ပြည်ထောင်စုအခွန် အကောက်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေကို ထည့်သွင်းထားပြီးဖြစ်သောကြောင့်<br>(က) ကုန်သွယ်လုပ်ငန်းခွင် ဥပဒေ (၁၉၇၄)၊<br>(ခ) အထူးကုန်စည်ခွန်ဥပဒေနှင့်<br>(ဂ) မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်ဥပဒေ နှင့် ယင်းကို ပြင်ဆင်သည့် ဥပဒေများကို ထည့်သွင်းခြင်းမပြုတော့ပါ။<br>(ဃ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို |

| | | | |
|---|---|---|---|
| | | (ဂ) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ<br>(ဃ) မြန်မာနိုင်ငံတံဆိပ် ခေါင်း ခွန်ဥပဒေနှင့် ယင်းကို ပြင်ဆင်သည့် ဥပဒေ | ထည့်သွင်းသွားမည်ဖြစ်ပါသည်။ |
| | | တည်ဆဲဥပဒေနှင့် မူဝါဒများ အောက်တွင် ပါဝင်သော ဥပဒေများအနက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၃) တို့ကို မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ဥပဒေ (၂၀၁၆) ဖြင့် ရုပ်သိမ်းထားပြီးဖြစ်ပါသည် ။ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက် ၍ တည်ဆဲဥပဒေမှာ "မြန် မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)" တစ်ခုတည်းသာ ရှိသဖြင့် ယင်းမှလွဲ၍ အခြား ဥပဒေများကို ရည်ညွှန်းရန် မသင့်ပါ။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၂) နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၃)တို့ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) ဖြင့် ရုတ်သိမ်းထားပြီး ဖြစ်သောကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုဥပဒေ (၂၀၁၆) ကို အစားထိုးထည့်သွင်း သွားမည် ဖြစ်ပါသည်။ |
| ၂။ | ဥပဒေသ (၃) ၊ စံ (၃.၁) | ဒေသခံတိုင်းရင်းသားများ၏ ရပိုင်ခွင့်များ အောက်ရှိ စံ (၃.၁) တွင် “ လုပ်ပိုင်ခွင့်အာဏာမရှိခဲ့လျှင်တောင်မှ” ဟူသော စကားရပ်အစား “လုပ်ပိုင်ခွင့်အာဏာမရှိခဲ့ လျှင်ပင်” ဟု ပြင်ဆင်သင့် ပါသည်။ | "လုပ်ပိုင်ခွင့်အာဏာမရှိခဲ့လျှင်တောင်မှ” ဟူသော စကားရပ်အစား “လုပ်ပိုင်ခွင့် အာဏာ မရှိခဲ့လျှင်ပင်” ဟု Myanmar Criteria and Indicators for Forest Management Certification (2020) အား မြန်မာ ဘာသာသို့ ပြန်ဆိုရာတွင် ပြောင်းလဲ သုံးစွဲသွားမည်ဖြစ်ပါသည်။ |